# ပြန်ကြားရေးကဏ္ဍ တိုးတက်ပြောင်းလဲမှုများ

## ၂၀၁၆ – ၂၀၂၀

CONTENTS

# မြန်ကြားရေးကဏ္ဍ တိုးတက်ပြောင်းလဲမှုများ (၂၀၁၆–၂၀၂၀)


1 ပြည်သူများ သတင်းအချက်အလက် သိရှိပိုင်ခွင့်ကိုဖြည့်ဆည်းဆောင်ရွက်ပေးမှု

2 မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာပေဖတ်ရှုလိုစိတ် မြှင့်တင်ပေးမှု

3 ဒီမိုကရေစီအလေ့အကျင့်ကောင်းများနှင့်အညီ ပြည်သူ့စကားဝိုင်းများ ဖော်ဆောင်ပေးမှု

4 ပြည်သူများ အသိပညာမြင့်မားရေး ဆောင်ရွက်မှု

5 သုတေသနဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှု

6 ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု

7 ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်မှု

8 တိုင်းရင်းသားဘာသာစကားနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု

## ပြည်သူများ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု

- နိုင်ငံတော်အစိုးရ၏သတင်းထုတ်ပြန်ချက်များ၊ တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးတွင် ဖြစ်ပေါ်နေသည့် သတင်းများကို ပြည်သူများ အချိန်မီ သိရှိစေရန်အတွက် MOI Website, MOI Webportal Facebook Page တို့တွင် ဖော်ပြပေးခြင်း။
- ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ သတင်းထုတ်ပြန်ရေးလုပ်ငန်းများကို သီးခြားစီ ဆောင်ရွက်လျက်ရှိသော MRTV၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများကို **သတင်းအင်အားစု(၃)ရပ်**အဖြစ် ပေါင်းစည်းဆောင်ရွက်၍ ပြောင်းလဲတိုးတက်လာသည့် IT နည်းပညာရပ်များ၊ Digital နည်းပညာရပ်များ အသုံးပြုကာ **မီဒီယာပေါင်းစည်းမှု(Media Convergence)စနစ်** ကျင့်သုံးဆောင်ရွက်ခြင်း၊
- ယခင်က Digital (DVB–T2 ) ထပ်ဆင့်လွှင့်စက်ရုံပေါင်း (၁၄၇)ရုံရှိခဲ့သော်လည်း ယခုအခါ (၁၅၂)ရုံအထိ တိုးချဲ့တပ်ဆင်ခဲ့ပြီး ရုပ်သံလိုင်းများ အရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

# ပြည်သူများ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု

- ယခင်က FM ထပ်ဆင့်လွှင့်စက်ရုံပေါင်း(၈၂)ရုံ ရှိခဲ့သော်လည်း ယခုအခါ(၈၄)ရုံအထိ တိုးချဲ့တပ်ဆင်ခဲ့ပြီး FM လိုင်းများ အရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊
- ယခင်က ရုပ်သံလိုင်း(၅)လိုင်းသာ ထုတ်လွှင့်ပြသနိုင်ခဲ့သော်လည်း ယခုအခါ ရုပ်သံလိုင်း(၁၈)လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်ခဲ့ပြီး ပြည်သူများအနေဖြင့် မိမိနှစ်သက်ရာ ရုပ်သံလိုင်းများကို ရွေးချယ်ကြည့်ရှုနိုင်ရန် ဆောင်ရွက်ခြင်း၊
- MRTV က ထုတ်လွှင့်ပြသနေသည့် အစီအစဉ်များကို Standard Definition (SD) စနစ်မှ High Definition(HD) စနစ်သို့ ပြောင်းလဲထုတ်လွှင့်ပေးခြင်းဖြင့် အရုပ်အသံအရည်အသွေး ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

# ပြည်သူများ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု

- ပြည်သူများ ဒေသန္တရ ဗဟုသုတ ရရှိစေရန်နှင့် နယ်စပ်ဒေသအသီးသီးရှိ တိုင်းရင်းသားများ၏ လူမှုဘဝများကို နားလည်သိရှိစေရန်အတွက် **နောင်မွန်းမှသည် ကော့သောင်းဆီသို့၊ အိပ်မက်လမ်းသို့ ခရီးရှည် (ကချင်ပြည်နယ်၊ ဝေးလံခေါင်ဖျား ခေါင်လန်ဖူးဒေသ)၊ မီးတစ်ပွင့် ရာဇဝင်၊ ချင်းပြည်နယ် ဖလမ်းမြို့အနီး ဆူရ်ဘုန် လေယာဉ်ကွင်း၊ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (CBT)** စသည့် အစီအစဉ်များကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ရိုက်ကူးထုတ်လွှင့်ပေးခြင်း၊

- နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များ၊ စကားဝိုင်းများ၊ ဆွေးနွေးပွဲများ၊ အများပြည်သူဆိုင်ရာ ပွဲလမ်းအခမ်းအနားကြီးများအား တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်မှုများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန်အတွက် ရိုက်ကူးရေးယာဉ် OB Van၊ DSNG Van၊ Flyway System၊ Fiber၊ Aviwest၊ Backpack System စသည်တို့အား အသုံးပြု၍ ရိုက်ကူးထုတ်လွှင့်ဆောင်ရွက်ခြင်း၊ စတူဒီယို အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ မော်ကွန်းမှတ်တမ်း ထိန်းသိမ်းမှုစနစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းတို့ကို ရဆောင်ရွက်ခြင်း၊

# ပြည်သူများ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု

- ပြန်/ဆက်ဦးစီးဌာန ခရိုင်နှင့်မြို့နယ်ရုံးများသည် ဒေသအသီးသီးတွင် ဖြစ်ပေါ်နေသည့် သတင်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ သိရှိစေရန် MOI Website, MOI Webportal Facebook Page တို့တွင် ပေးပို့ဖော်ပြလျက်ရှိသကဲ့သို့ မိမိဒေသအတွင်းရှိ ပြည်သူများ သိရှိနိုင်စေရန်အတွက်လည်း Facebook Pages ပေါင်း(၄၂၄)ခု ဖွင့်လှစ်၍ သတင်းနှင့် သတင်းဗီဒီယိုများ လွှင့်တင်ခြင်း၊ ဝေးလံခေါင်ဖျားဒေသများရှိ သတင်းများကိုစုစည်း၍ Facebook Page သီးခြားဖွင့်လှစ်ကာ သတင်းများ စုပေါင်းဖော်ပြခြင်း။
- မြန်မာ့အလင်းသတင်းစာတွင် ဗုဒ္ဓဟူးနေ့တိုင်း ယနေ့ရန်ကုန်အချပ်ပို(၄)မျက်နှာအား ထည့်သွင်းခြင်း၊ တနင်္ဂနွေနေ့တိုင်း ဆန်းဒေးကာတွန်းဖော်ပြခြင်း၊
- ကြေးမုံသတင်းစာတွင် စနေနေ့တိုင်း **တိုင်းရင်းသားရေးရာ**ကဏ္ဍ၊ တနင်္ဂနွေနေ့တိုင်း **မျိုးဆက်သစ်ရင်ပြင်** ကဏ္ဍနှင့် **ဆန်းဒေးကာတွန်း**ဖော်ပြခြင်း၊
- ပြောင်းလဲလာသည့် New Media Platform များကို အသုံးပြု၍ ပြည်သူများအား သတင်းထုတ်လွှင့်ဖော်ပြနိုင်ရန် **Myanmar Digital News** အမည်ဖြင့် သတင်းများလွှင့်တင်ဖော်ပြခြင်း၊

# ပြည်သူများ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု

- နေ့စဉ်ထုတ်သတင်းစာများတွင် –
  - **မြန်မာ့အလှ၊ မြန်မာ့ရှုခင်းများ၊ မြန်မာတို့၏ ပွဲတော်များနှင့် မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းများ**ကို ပြည်သူများ လေ့လာခံစားနိုင်ရန် **Photo Essay** များ ဖော်ပြခြင်း၊
  - **ရင်သွေးကမ္ဘာ၊ ရွှေနိုင်ငံခရီးသည်** ကဏ္ဍသစ်များဖော်ပြခြင်း။
- မြန်မာနိုင်ငံတွင် လူမှုမီဒီယာအပါအဝင် ဒီဂျစ်တယ်မီဒီယာအသုံးပြုမှုနှင့် ဖန်တီးထုတ်လွှင့်မှုများ အချိန်နှင့်အမျှ တိုးတက်မြင့်မားလာခြင်းကြောင့် ဒီဂျစ်တယ်မီဒီယာလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တစ်စုတစ်စည်းတည်း ဖြစ်စေရေးအတွက် **မြန်မာနိုင်ငံဒီဂျစ်တယ် မီဒီယာအသင်းကြီး ( Myanmar Digital Media Association)** ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးခြင်း။

# ပြည်သူများ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု

- ပြည်ထောင်စုအစိုးရနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဆောင်ရွက်ချက်များအား ပြည်သူများ လွယ်ကူစွာသိရှိနိုင်စေရန်အတွက်–
  - **နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်** တို့ ပြောကြားခဲ့သည့်မိန့်ခွန်း၊ အမှာစကား နှင့် သဝဏ်လွှာများ၊
  - **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်** ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့်မိန့်ခွန်း၊ အမှာစကားနှင့် သဝဏ်လွှာများ၊
  - **ပြည်သူ့အတွက် ပထမရက် ၁၀၀ ၊ ပြည်သူ့အတွက် ပထမတစ်နှစ်တာ ၊ ဒုတိယတစ်နှစ်တာ တတိယ တစ်နှစ်တာ၊ နိုင်ငံတော်အစိုးရ၏ လေးနှစ်တာကာလ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲ တိုးတက်ရေး ဆောင်ရွက်ချက်များ** မှတ်တမ်းစာအုပ်များ၊
  - **NCA လက်မှတ်ရေးထိုးပွဲ မှတ်တမ်းစာအုပ်၊ မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် မှတ်တမ်းစာအုပ်၊ Forum on Myanmar Democratic Transition မှတ်တမ်းစာအုပ်၊ ရခိုင်ပြည်နယ်၏ တစ်နှစ်တာ ကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းစာအုပ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနညီလာခံ မှတ်တမ်းစာအုပ်၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် မှတ်တမ်းစာအုပ်များ ထုတ်ဝေခြင်း၊**

# မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာပေဖတ်ရှုလိုစိတ်မြှင့်တင်ပေးမှု

- ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်တွင်ပါဝင်ဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တိုင်းပြည်အတွက် ဦးဆောင် ဦးရွက်ပြုလာစေရန် ရည်ရွယ်၍ **ကလေးစာပေပွဲတော်များ**ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် (၉၅)ကြိမ် ကျင်းပပေးခြင်း၊

  (ထိုသို့ဆောင်ရွက်ပေးရာတွင် ကလေးစာပေပွဲတော်များအတွက် ဒေသအသီးသီးရှိ စာပေချစ်မြတ်နိုးသူများ၊ လူမှုအဖွဲ့အစည်းများက လိုလားနှစ်သက်စွာဖြင့် လူအားငွေအား ပူးပေါင်းပါဝင်ခဲ့ခြင်းကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။)

- လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့်ကျင့်ဝတ် အပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေး ရည်ရွယ်ချက်များဖြင့် **လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်** (၃)ကြိမ်ကျင်းပခြင်း၊

- စာတတ်မြောက်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပိုမိုတိုးတက်လာစေရေးနှင့် **“စာတတ်သူတိုင်းစာဖတ်ရေး”** လှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်နိုင်စေရေး အတွက် စာတတ်သူတိုင်းစာဖတ်ရေးလှုပ်ရှားမှုအခမ်းအနားကို ကျင်းပပေးခြင်း၊

# မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာပေဖတ်ရှုလိုစိတ်မြှင့်တင်ပေးမှု

- ၂၀ ရာစုအတွင်း ထုတ်ဝေခဲ့သည့် မြန်မာစာပေ(ဘာသာရပ်ပေါင်းစုံ)များထဲမှ ယနေ့ခေတ်လူငယ်များ ဖတ်သင့်ဖတ်ထိုက်သည့် စာအုပ်စာပေများကို ရွေးချယ်ကာ **မြန်မာဂန္ထဝင် စာစဉ်(၁၀၀)**ထုတ်ဝေခြင်း၊

- **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်** ဦးဆောင်၍ တက္ကသိုလ်ကျောင်းသား၊ကျောင်းသူများပါဝင်သည့် **ရသစာပေစကားဝိုင်းများ**ကျင်းပခြင်း၊

- မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် ကလေးစာပေပွဲတော်များ၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များနှင့်ချိတ်ဆက်၍ စာအုပ်ပြပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များ ကျင်းပပေးခြင်း၊ ရန်ကုန်မြို့ သိမ်ဖြူလမ်းအား **စာအုပ်လမ်း (Yangon Book Street)** အဖြစ် စီစဉ်ပေးခြင်း၊

## ဒီမိုကရေစီအလေ့အကျင့်ကောင်းများနှင့်အညီ ပြည်သူ့စကားဝိုင်းများဖော်ဆောင်ပေးမှု

- ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့်အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ မိမိရပ်ရွာဒေသ၌ ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများမြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ **ပြည်သူ့စကားဝိုင်း** (၃၂၄၃)ကြိမ်ကျင်းပခြင်း။

- ပြည်သူ့စာကြည့်တိုက်များတွင် ဝါသနာတူ ပြည်သူအချင်းချင်း ပူးပေါင်း၍ (Book Club, Women's Club, Youth Club) စသည့် **ဝါသနာအသင်းအဖွဲ့များ**ဖွဲ့စည်းကာ အတွေးအမြင်ဖလှယ်ခြင်း၊ သတင်းအချက်အလက်မျှဝေခြင်း၊ စုပေါင်းလှုပ်ရှား ဆောင်ရွက်ခြင်း။

# ပြည်သူများအသိပညာမြင့်မားရေးဆောင်ရွက်မှု

စာအုပ်စာပေသည် နိုင်ငံသူနိုင်ငံသားတစ်ဦးချင်း အသိပညာဗဟုသုတပြည့်ဝရေးအတွက် အရေးပါသည့်အရာတစ်ခုဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အရာ တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် ပြည်သူများအသိပညာမြင့်မားစေရန် ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများသာမက ပိုမိုထိရောက်သည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ခဲ့သည်။

- ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လူထုအခြေပြုဗဟိုဌာန(၁၇)ခု ဖွင့်လှစ်ပြီး သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ဆွေးနွေးပွဲများကျင်းပပေးခြင်း၊
- ရွေ့လျားစာကြည့်တိုက် (Mobile Library)ယာဉ်များ အသုံးပြု၍ ကျေးရွာများ၊ စာသင်ကျောင်းများသို့ သွားရောက်၍ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊
- ပြည်သူ့စာကြည့်တိုက်များအတွက် ငွေကျပ်(၂၁၀၂)သန်းခန့်တန်ဖိုးရှိ သုတ၊ရသစာအုပ်စာစောင်ပေါင်း (၁,၀၆၉,၁၁၃) အုပ်ဝယ်ယူပေးခဲ့ခြင်း၊

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော လူထုအခြေပြုဗဟိုဌာန (Community Centre)များတွင် ဆောင်ရွက်ခဲ့သည့် သင်တန်းများနှင့် ဆွေးနွေးပွဲများ

| စဉ် | အမျိုးအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | **သင်တန်းများ ဖွင့်လှစ်ခြင်း**<br>- ကွန်ပျူတာသင်တန်းများ<br>- နိုင်ငံခြားဘာသာစကားသင်တန်းများ<br>- အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ | ၁၇ | ၅၇ | ၅၆၅ | ၁၉၀ | **၈၂၉** |
| ၂ | **အစည်းအဝေး/ဆွေးနွေးပွဲ ကျင်းပခြင်း**<br>- လူမှုရေးအသင်းအဖွဲ့များက ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ အသင်းအဖွဲ့ဆိုင်ရာကိစ္စများအား လာရောက် ဆွေးနွေးခြင်း | ၁၃ | ၉၆ | ၂၄၁ | ၈၁ | **၄၃၁** |

## ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော လူထုအခြေပြုဗဟိုဌာန (Community Centre)များတွင် ဆောင်ရွက်ခဲ့သည့် သင်တန်းများနှင့် ဆွေးနွေးပွဲများ

| စဉ် | အမျိုးအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၃ | ပြပွဲ/ပြိုင်ပွဲ ကျင်းပခြင်း<br>- စာစီစာကုံးပြိုင်ပွဲ<br>- ကဗျာရွတ်ဆိုပြိုင်ပွဲ<br>- ကျပန်းစကားပြောပြိုင်ပွဲ<br>- ဆေးရောင်ခြယ်ပြိုင်ပွဲ | ၂၉ | ၁၁၁ | ၁၁၄၂ | ၈၃၂ | **၂၁၁၄** |
| ၄ | ဟောပြောပွဲများ ဆောင်ရွက်ခြင်း | - | ၂၃ | ၅၆၉ | ၂၀၇ | **၃၄၉** |
| | စုစုပေါင်း | **၅၉** | **၂၈၇** | **၂၅၁၇** | **၁၃၁၀** | **၄၁၇၃** |

# သုတေသနဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှု

- နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် အကျိုးသက်ရောက်မှုများအပေါ် ရှုထောင့်စုံမှ သုံးသပ်ဆောင်ရွက်နိုင်ရေးအတွက် **မြန်မာရေးရာလေ့လာရေးအဖွဲ့**ကို ဖွဲ့စည်း၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် လေ့လာသုံးသပ်သည့် **မြန်မာရေးရာ ဂျာနယ်ထုတ်ဝေခြင်း၊** ကမ္ဘာပေါ်တွင်ဖြစ်ပေါ်ပြောင်းလဲနေသည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် လေ့လာ သုံးသပ်သည့် **ကမ္ဘာ့ရေးရာဂျာနယ်**ထုတ်ဝေခြင်း၊
- **ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ငြိမ်းချမ်းရေး**ဖြစ်စဉ်များနှင့်ပတ်သက်၍ **မြန်မာရေး ရာဆွေးနွေးပွဲများ၊ ကမ္ဘာ့ရေးရာ ဆွေးနွေးပွဲများ** ကျင်းပခြင်း၊
- နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာတမ်းဖတ်ပွဲ၊ ဘာသာပြန် စာတမ်းဖတ်ပွဲ၊ သုတေသနဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲ၊ မြန်မာမှု မြန်မာ့ဓလေ့ မြန်မာ့အတွေးအမြင် စာတမ်းဖတ်ပွဲ၊ ကဗျာ့သဘောကဗျာ့အရသာ **စာတမ်းဖတ်ပွဲများ**ကျင်းပခြင်း၊

# ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု

- ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသည့် ရုပ်ရှင်အတတ်ပညာနှင့် အသိပညာများကို သင်ကြားလေ့ကျင့်ပေးရန်၊ ရုပ်ရှင်လောကသားများအချင်းချင်း ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ရုပ်ရှင်မျိုးဆက်သစ်မျိုးဆက်ဟောင်းများ အပြန်အလှန်ပေါင်းကူးဆက်သွယ်ရန်တို့ကို ရည်ရွယ်၍ **ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(FDC)**ကို ဖွင့်လှစ်ခြင်း၊
- ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲနှင့် စကားဝိုင်း ဆွေးနွေးပွဲ (၁၀) ကြိမ်၊ ဇာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (၅) ကြိမ်၊ သင်တန်း (၁၁) ကြိမ်နှင့် ရုပ်ရှင်နှင့်သက်ဆိုင်သည့် အထွေထွေကဏ္ဍ (၂၅) ကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုလေ့လာ၍ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း **(Film Analysis)** ပြုလုပ်မှု (၃၈) ကြိမ် ဆောင်ရွက်နိုင်ခြင်း၊
- ရုပ်ရှင်စတူဒီယိုများ ငှားရမ်းရိုက်ကူးနိုင်ရေးအတွက် **ရုပ်ရှင် စတူဒီယို**အဆောက်အအုံ (၃)လုံး ပြုပြင်ပေးခြင်း၊
- ရှေးဟောင်းဂန္ထဝင် မြန်မာရုပ်ရှင်ဇာတ်ကားများအား ရေရှည်တည်တံ့စေရန်အတွက် **Digital Restoration** ဆောင်ရွက်လျက်ရှိရာ မြဂနိုင် (၁၉၃၄)၊ ပျို့ချစ်လင် (၁၉၅၀)၊ ရတနာပုံ (၁၉၅၃)၊ မှုံရွှေရည် (၁၉၇၀)၊ ဂျပန်ရှင်သွေး (၁၉၃၀)နှင့် ငဘ(၁၉၆၁) ရုပ်ရှင်ဇာတ်ကားများအား Digital စနစ်ဖြင့် ထိန်းသိမ်းထားရှိခြင်း၊

# ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | ၂၈-၉-၂၀၂၀ အထိ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | မြန်မာရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှု | ၉၈ | ၁၅၈ | ၁၃၃ | ၉၈ | ၁၈ | |
| ၂ | မြန်မာရုပ်ရှင်ဇာတ်ကားရုံတင်ပြသမှု | ၃၃ | ၅၃ | ၈၃ | ၉၇ | ၂၁ | |
| ၃ | ရုပ်ရှင်ရုံများ တိုးတက်မှု | ၆၂/၇၄ | ၉၅/၁၀၉ | ၁၂၄/၁၄၀ | ၁၇၄ / ၁၉၈ | ၁၉၆/၂၂၁ | ရုပ်ရှင်ရုံ/ပိတ်ကား |
| ၄ | နိုင်ငံတကာရုပ်ရှင်ပွဲတော်များသို့သွားရောက်ပြသမှု | ၆ | ၁၇ | ၇ | ၁၁ | ၂ | |
| ၅ | ပြည်ပမှ ရုပ်ရှင်ပွဲတော်များလာရောက်ကျင်းပနိုင်မှု | ၇ | ၇ | ၇ | ၉ | ၃ | |
| ၆ | ပြည်ပမှလာရောက်ရိုက်ကူးမှု အခြေအနေ | ၃၅ | ၃၉ | ၃၆ | ၅၄ | ၁၃ | |

# ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်မှု

- ပြန်ကြားရေးဝန်ကြီးဌာနရှိ ပုံနှိပ်စက်များသည် နိုင်ငံတော်အစိုးရနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာအုပ်စာစောင်များကို တာဝန်ယူပုံနှိပ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပညာရေးဝန်ကြီးဌာနအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကိုလည်း သတ်မှတ်သည့်အရည်အသွေးအတိုင်း ပုံနှိပ်ဆောင်ရွက်ပေးခြင်း၊

- ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို သတ်မှတ်အရည်အသွေးအတိုင်း အချိန်မီပုံနှိပ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အုပ်ရေ ၁၉.၂၃၂ သန်းခန့်ပုံနှိပ်ဆောင်ရွက်ခဲ့သော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အုပ်ရေ ၄၁.၆၉၈ သန်းခန့်အထိ တိုးတက်ပုံနှိပ်ပေးခြင်း၊ ပြင်ပပုဂ္ဂလိကပုံနှိပ်လုပ်ငန်းများက ပုံနှိပ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကိုလည်း သတ်မှတ်အရည်အသွေးပြည့်မီရန်နှင့် အချိန်မီပုံနှိပ်ပြီးစီးနိုင်ရေးအား ပညာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းကြီးကြပ်ဆောင်ရွက်ခြင်း၊

- ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ၁၉၅၄ ခုနှစ်မှ ၁၉၇၆ ခုနှစ် အထိ ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် အတွဲ(၁)မှ အတွဲ(၁၅)အထိကို ပြန်လည်တည်းဖြတ်၍ ထုတ်ဝေနိုင်ရေး ဆောင်ရွက်ခြင်း၊

# ပုံနှိပ်လုပ်ငန်း အမျိုးအစားအလိုက် ခွင့်ပြုမှုစာရင်း

| စဉ် | လုပ်ငန်း အမျိုးအစား | ၂၀၁၆ | ၂၀၂၀ |
|---|---|---|---|
| ၁ | သတင်းစာ | ၅ | ၄၇ |
| ၂ | ဂျာနယ် | ၄၅ | ၅၉၈ |
| ၃ | မဂ္ဂဇင်း | ၅၂ | ၄၉၇ |
| ၄ | အထွေထွေ | ၁၇၂ | ၁၈၂၉ |
| | **ထုတ်ဝေပေါင်း** | **၂၇၄** | **၂၉၇၁** |
| ၅ | သတင်းအေဂျင်စီ | ၃၉ | ၃၃၈ |
| ၆ | ပုံနှိပ် | ၇၈ | ၁၆၆၇ |

## နိုင်ငံခြားဘာသာဖြင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ခွင့်ပြုမှုအခြေပြဇယား

| စဉ် | နိုင်ငံခြားဘာသာ | သတင်းစာ | ဂျာနယ် | မဂ္ဂဇင်း | သတင်း အေဂျင်စီ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | အင်္ဂလိပ် | ၈ | ၈ | ၂၂ | - | |
| ၂။ | ဂျပန် | - | ၃ | ၃ | - | |
| ၃။ | တရုတ် | - | ၁ | - | - | |
| ၄။ | အင်္ဂလိပ်+မြန်မာ | - | ၂ | ၁၆ | - | |
| ၅။ | အင်္ဂလိပ်+ဂျပန် | - | - | ၁ | - | |
| ၆။ | အင်္ဂလိပ်+ဂျပန်+မြန်မာ | - | ၁ | ၁ | ၁ | |
| ၇။ | အင်္ဂလိပ်+တရုတ်+မြန်မာ | - | ၂ | ၁ | - | |
| ၈။ | တရုတ်+မြန်မာ | | | ၁ | | |
| ၉။ | ကိုရီးယား+မြန်မာ | - | - | ၁ | - | |
| ၁၀။ | ကိုရီးယား+အင်္ဂလိပ်+မြန်မာ | - | - | ၃ | - | |
| ၁၁။ | အင်္ဂလိပ်+မြန်မာ+ချင်း | - | ၁ | - | - | |
| | **စုစုပေါင်း** | **၈** | **၁၈** | **၄၉** | **၁** | |

# ကိုးကွယ်မှုဘာသာအလိုက် ခွင့်ပြုထားရှိမှုနှင့် ထုတ်ဝေမှုအခြေအနေ

| စဉ် | ဘာသာအမည် | ဂျာနယ်ခွင့်ပြု | မဂ္ဂဇင်းခွင့်ပြု | အထွေထွေခွင့်ပြု | သတင်းအေဂျင်စီ ခွင့်ပြု |
|---|---|---|---|---|---|
| ၁။ | ဗုဒ္ဓဘာသာ | ၂၀ | ၄၈ | ၉၀ | - |
| ၂။ | ခရစ်ယာန်ဘာသာ | ၉ | ၈ | ၄၄ | - |
| ၃။ | အစ္စလာမ်ဘာသာ | ၂ | ၄ | ၃၉ | - |
| ၄။ | ဟိန္ဒူဘာသာ | - | ၁ | ၁ | ၁ |

# တိုင်းရင်းသားဘာသာစကားနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု

- တိုင်းရင်းသားများ၏ ဘာသာစကားနှင့်စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ကလေးစာပေပွဲတော်များ ကျင်းပပြုလုပ်ချိန်၌ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် စာပေဆိုင်ရာပြခန်းများ ခင်းကျင်းပြသခြင်း၊ တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများကို ထည့်သွင်းကျင်းပပေးခြင်း၊
- တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖြန့်ချိသည့် နေ့စဉ်ထုတ်သတင်းစာများ၌ မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း၊ ကချင်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားဘာသာများဖြင့် အချပ်ပိုစီစဉ်ထုတ်ဝေပေးခြင်း၊
- တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ဖော်ထုတ်ရေးသားမှတ်တမ်းတင်နိုင်ရန် တိုင်းရင်းသားရေးရာဂျာနယ်ကို နှစ်လတစ်ကြိမ် စီစဉ်ထုတ်ဝေပေးခြင်း၊

# တိုင်းရင်းသားဘာသာဖြင့် ခွင့်ပြုထားမှုအခြေအနေ

| စဉ် | အမျိုးအစား | ခွင့်ပြုထားသည့်တိုင်းရင်းသားဘာသာများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | ကချင် | ကယား | ကရင် | ချင်း | မွန် | ရခိုင် | ရှမ်း | |
| ၁။ | သတင်းစာ | - | - | - | ၈ | - | - | - | ၈ |
| ၂။ | ဂျာနယ် | ၅ | ၁ | ၂ | ၂၆ | ၄ | ၄ | ၇ | ၄၉ |
| ၃။ | မဂ္ဂဇင်း | - | - | ၃ | ၅ | ၁ | ၉ | ၄ | ၂၂ |
| ၄။ | အထွေထွေ | ၁၀ | - | ၅ | ၂၈ | ၂ | ၄ | ၁၀ | ၅၉ |
| ၅။ | သတင်းအေဂျင်စီ | ၁ | - | - | ၂ | ၁ | - | ၂ | ၆ |
| | **စုစုပေါင်း** | **၁၆** | **၁** | **၁၀** | **၆၉** | **၈** | **၁၇** | **၂၃** | **၁၄၄** |

# တိုင်းရင်းသားဘာသာစကားနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC)တွင် ထုတ်လွှင့်ပေးသည့် တိုင်းရင်းသားဘာသာများ

- ကချင်
- ကယား
- စကောကရင်
- အနောက်ပိုးကရင်
- အရှေ့ပိုးကရင်
- ချင်း(လိုင်ဇိုး)
- ချင်း(ချိုး)
- မွန်
- ရခိုင်
- ရှမ်း
- 'ဝ' ဘာသာ

## မြန်မာ့အသံ(ရေဒီယိုအစီအစဉ်)

မြန်မာ့အသံ(ရေဒီယို)တွင် ထုတ်လွှင့်ပေးသည့် တိုင်းရင်းသားဘာသာများ

- ကချင်
- ကယား
- ကယန်း
- အနောက်ပိုးကရင်
- အရှေ့ပိုးကရင်
- စကောရင်
- ဂေခို
- ဂေဘား
- ဓနု
- ချင်း(လိုင်ဇိုး)
- ချင်း(ချိုး)
- မွန်
- ရခိုင်
- ရှမ်း
- 'ဝ' ဘာသာ
- ကိုးကန့်
- ပအိုဝ်း

# တိုင်းရင်းသားဘာသာစကားနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု

- ဒေသအသီးသီးရှိ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်သက်ဆိုင်သည့် (Documentary) အစီအစဉ်များ၊ ဒေသအစားအစာများ၊ ပြည်နယ်အလှ၊ ဒေသဖွံ့ဖြိုးရေး၊ ခရီးသွားအစီအစဉ် (Travelogue)၊ People Talk နှင့် တိုင်းရင်းသားတို့၏ လူနေမှုဘဝများကို ထင်ဟပ်ပေါ်လွင်စေသည့် အစီအစဉ်များကို ရိုက်ကူးထုတ်လွှင့်ခြင်း၊

# ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများ
# တိုးတက်ဆောင်ရွက်နိုင်မှု

# Digital (DVB-T2) ထပ်ဆင့်လွှင့်စက်ရုံများ တိုးချဲ့တပ်ဆင်နိုင်မှုအခြေအနေ



| | | |
|---|---|---|
| ● | 3 KW | ၂၅ ရုံ |
| ● | 1 KW | ၁၀ ရုံ |
| ● | 600 W | ၈ ရုံ |
| ● | 500 W | ၁ ရုံ |
| ● | 300 W | ၂၀ ရုံ |
| ● | 200 W | ၂ ရုံ |
| ● | 150 W | ၁ ရုံ |
| ● | 100 W | ၂၃ ရုံ |
| ● | 50 W | ၆၂ ရုံ |
| | စုစုပေါင်း | (၁၅၂) ရုံ |




(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်ထိ

❖ စက်ရုံပေါင်း (၁၄၇)ရုံ

(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်

❖ စက်ရုံပေါင်း (၁၅၂)ရုံ

❖ ဖမ်းယူရရှိမှု (၈၈.၇%)

DVB-T2 ထပ်ဆင့်လွှင့်စက်ရုံများ တိုးချဲ့တပ်ဆင်နိုင်မှုကြောင့် ပြည်သူလူထုအနေဖြင့် ရုပ်သံလိုင်း (၁၈)လိုင်းကို ပိုမိုအရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ပါသည်။

# FM ထပ်ဆင့်လွှင့်စက်ရုံများ တိုးချဲ့တပ်ဆင်နိုင်မှုအခြေအနေ



| | | |
|---|---|---|
| ▲ | 2 KW | ၂၇ ရုံ |
| ▲ | 1 KW | ၁၃ ရုံ |
| ▲ | 500 W | ၂ ရုံ |
| ▲ | 300 W | ၁၂ ရုံ |
| ▲ | 150 W | ၃၀ ရုံ |
| | စုစုပေါင်း | ၈၄ ရုံ |




(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်ထိ

- FM စက်ရုံပေါင်း (၈၂)ရုံ

(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်

- FM စက်ရုံပေါင်း (၈၄)ရုံ
- ဖမ်းယူရရှိမှု (၇၈.၈၄%)

MW နှင့် SW တို့အပြင် FM ဖြင့် ကြည်လင်စွာ ဖမ်းယူနားဆင်နိုင်ပြီဖြစ်ပါသည်။

# Digital Free to Air ရုပ်သံလိုင်းထုတ်လွှင့်မှု

- နိုင်ငံတော်ပိုင် ရုပ်သံလိုင်းများအပြင် နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ထုတ်လွှင့်နေသော ပုဂ္ဂလိက ရုပ်သံလိုင်းများကို အားပေးမြှင့်တင်နိုင်ခဲ့သည့်အတွက် ယခုအခါ ရုပ်သံလိုင်း(၁၈)လိုင်းအထိ တိုးတက်လာခဲ့ပြီး ပြည်သူများ သတင်းနှင့် သုတရသမျိုးစုံ ပါဝင်သည့် Free to Air ရုပ်သံလိုင်းများကို စိတ်တိုင်းကျ ရွေးချယ်ဖမ်းယူကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။

(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်
ရုပ်သံလိုင်း (၁၈)လိုင်း

- MRTV
- NRC
- Farmers'
- Hluttaw
- Sports
- MITV
- EDU(ပညာရေးရုပ်သံလိုင်း)
- MRTV Entertainment
- MRTV – 4
- Channel – 7
- 5 Plus
- MNTV
- Channel 9
- Mizzima
- DVB
- Channel K
- YTV
- Fortune TV

## Radio လိုင်းသစ် တိုးချဲ့ထုတ်လွှင့်မှု



(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်

ရေဒီယိုအစီအစဉ် (၃)ခု

- ❖ မြန်မာ့အသံရေဒီယိုအစီအစဉ်
- ❖ တိုင်းရင်းသားရေဒီယိုအစီအစဉ် (အထက်မြန်မာပြည်)
- ❖ တိုင်းရင်းသားရေဒီယိုအစီအစဉ် (အောက်မြန်မာပြည်)

(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်

ရေဒီယိုအစီအစဉ် (၄)ခု

- ❖ မြန်မာ့အသံရေဒီယိုအစီအစဉ်
- ❖ တိုင်းရင်းသားရေဒီယိုအစီအစဉ် (အထက်မြန်မာပြည်)
- ❖ တိုင်းရင်းသားရေဒီယိုအစီအစဉ် (အောက်မြန်မာပြည်)

ပြည်သူလူထုအနေဖြင့် သတင်း၊ ရသ၊ ဗဟုသုတများ ပါဝင်သည့် ရသစုံ အခမဲ့ ရေဒီယိုအစီအစဉ်များကို မိမိနှစ်သက်သလို ရွေးချယ်ကြည့်ရှုနားဆင်နိုင်ပြီ ဖြစ်ပါသည်။








နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ
ကျောင်းသားကျောင်းသူများ၏
ရသစာပေစကားဝိုင်း
၂၈.၈.၂၀၁၈
ဘွဲ့နှင်းသဘင်ခန်းမ၊ရန်ကုန်တက္ကသိုလ်


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ
ကျောင်းသားကျောင်းသူများ၏
ရသစာပေစကားဝိုင်း
၂၈.၈.၂၀၁၈
ဘွဲ့နှင်းသဘင်ခန်းမ၊ရန်ကုန်တက္ကသိုလ်


ကလေးစာပေပွဲတော်တွေ ပြုလုပ်တာဟာ နိုင်ငံတော်ရဲ့ အနာဂတ်ကို ပြုစုပျိုးထောင်တာပဲဟေ့
ကလေးတွေဟာ တိုင်းပြည်တွေရဲ့ အနာဂတ်ပါ
စာဖတ်တဲ့လူမျိုးတိုင်း တိုးတက်ကြီးပွားကြတာ လက်တွေ့ပဲဟေ့
ကလေးစာပေပွဲတော်တွေဟာ နိုင်ငံတော်ရဲ့ အနာဂတ်အတွက် တကယ့် ရင်းနှီးမြှုပ်နှံမှုပါ
ThawDar


ပြည်သူ့ စကားဝိုင်းတွေ
ရှိလာတာ အကျိုးရှိတယ်ကွ-
ပြည်သူတွေက
အခက်အခဲမှန်သမျှကို
ဖော်ထုတ် ဆွေးနွေးပြီး
အဖြေရှာနိုင်တာလေ့ကွယ်။


သားတို့ငယ်ရွယ်စဉ်က
စာပေ ပညာ သင်ကြားခွင့်ရလို့
ကံကောင်းတာပေါ့-
စာပေမြတ်နိုးတဲ့ခေတ်နဲ့-
စာပေဗဟုသုတ ကက်ပိုရစေတဲ့
ကလေးစာပေပွဲတော်တွေရှိတာလည်း
ပိုကံကောင်းတာပေါ့ကွာ
ပြန်ကြားရေးဝန်ကြီးဌာန
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
2020


အမယ်-ကြီးကြီးကျယ်ကျယ်-
မင်း-ပြောနေတာတွေက ငါတောင်
မမွေးသေးတဲ့အချိန်က အကြောင်းတွေ-
လာပြီးမဒေနဲ့-
ငါတောင်မသိသေးတာတွေ၊
ကျွန်တော်ကစာဖတ်တယ်၊
အဲဒါကို သိချင်ရင်ဒီစာအုပ်
ထဲမှာပါတယ်-ဖတ်ကြည့်၊
၂၀၂၀